**ပုသိမ်ခရိုင်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၂**

| | | |
|---|---|---|
| ဦးအောင်ဌေး | နှင့် | ၁။ ဦးစိုးမင်းဦး |
| | | ၂။ ဒေါ်အိသူထက် |
| ( တရားလို ) | | ( တရားပြိုင်များ ) |

| | | | | |
|---|---|---|---|---|
| တရားလိုအတွက် | - | ဦးနေဝင်း | ၊ | တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်များအတွက် | - | ဦးဖြိုးသွင် | ၊ | တရားလွှတ်တော်ရှေ့နေ |

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်

အမှုမှာ တရားလိုဦးအောင်ဌေးက တရားပြိုင်ဦးစိုးမင်းဦးပါ-၂ ဦးအပေါ် အစုစပ်လုပ်ငန်းဖျက်သိမ်း၍ စာရင်းရှင်းလင်းခွဲဝေပေးစေလိုမှုစွဲဆိုခြင်းဖြစ်သည်။

တရားလိုမှ အဆိုပြုသည်မှာ တရားလိုနှင့်တရားပြိုင်တို့သည် အလှုပြင်ဆိုင်ခန်းအား နှစ်ဦးသဘောတူအကျိုးတူလုပ်ဆောင်ကြပြီး ကတိစာချုပ်ကို (၁-၆-၂၀၁၇) နေ့တွင် ချုပ်ဆိုလုပ်ကိုင်ခဲ့ကြကြောင်း၊ ပုသိမ်မြို့နေ အမှတ်(၄)ရပ်ကွက် မြေနုလမ်းအမှတ် ၄၂(အ)တွင် မီဇူးအလှုပြင်ဆိုင် လုပ်ငန်းလုပ်ကိုင်ကြောင်း တရားလိုမှ ကုန်ကျစရိတ်အားလုံးစိုက်ထုတ်ပြီး တရားပြိုင်တို့က လုပ်ငန်းကိစ္စအစစအား တာဝန်ယူလုပ်ကိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊(၁-၆-၂၀၁၁ ) စာချုပ်မှာစည်းကမ်း(၃)ချက် ဖြင့် ချုပ်ခဲ့ကြောင်း၊ တရားပြိုင်နှင့်အတူ (၁-၈-၂၀၁၂) နေ့မှစ၍ လေးစားလိုက်နာဆောင်ရွက်လုပ်ဆောင်ခြင်းမရှိဘဲ တစ်လမ်းတည်းအိမ်အမှတ်-၃၃/(ခ) တွင် ဒီဒီး အလှုပြင်ဆိုင်ဖွင့်လှစ်လုပ်ကိုင်လာကြောင်း၊ ညီမတော်စပ်သူ လုပ်ကိုင်သည်ဟု ရှောင်လွှဲပြောဆိုကြောင်း၊ မီဇူးအလှုပြင်ဆိုင်လုပ်ငန်း အရှုံးပေါ်နေသဖြင့် ရပ်ဆိုင်းရမည်ဖြစ်သောကြောင့် နစ်နာကြေး(၃၉၃၄၀၀၀၀)သိန်းရှိပြီး နောက်ထပ်ပစ္စည်းပေါ်တွင် နစ်နာကြေး(၂၂၆၅၀၀)ကျပ် စုစုပေါင်းကျပ်သန်းပေါင်း(၃၉၅၆၆၅၀၀) အရှုံးပေါ်နစ်နာခဲ့ကြောင်း၊ နစ်နာကြေးရလိုကြောင်း ပုသိမ်ခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ရာ တရားမကြီးမှုအမှတ် ၉၁/၂၀၁၃ ဖြင့် လက်ခံဆောင်ရွက်ခဲ့ပြီးနောက် စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှုသာစွဲဆိုနိုင်ကြောင်း သုံးသပ်ပြီး

ဆိုလွှာအားပယ်ခဲ့သဖြင့် ယခုအမှု စွဲဆိုရခြင်းဖြစ်ကြောင်း၊ စာရင်းရှင်းလင်းပြီးပေးလျော်ရန်ငွေမှာ (၃၉၅၆၆၅၀၀)ကျပ်ဖြစ်ကြောင်း အဆိုပြုထားသည်။

တရားပြိုင်များမှ ချေလွှာတင်ရာတွင် စာချုပ်ပါတံဆိပ်ခေါင်းလုံလောက်မှုမရှိသဖြင့်မူလကပင် ပျက်ပြယ်နေကြောင်း၊ မိမိတို့တာဝန်ကို ကြိုးစားဆောင်ရွက်သော်လည်း မီးစက်မရှိသဖြင့် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ဧည့်သည်များ စိတ်ပျက်ခြင်း၊ အနားတွင် တိုနီထွန်းထွန်း အပြင်ဆိုင်နှင့် ဒီဒီးအလှပြင်ဆိုင်ဖွင့်လှစ်လာပြီး တရားလိုက လိုအပ်သော စက်ကိရိယာနှင့် ပစ္စည်းမဖြည့်ခြင်း ဝန်ထမ်းများအပေါ် ဆက်ဆံရေးမပြေပြစ်ခြင်း၊ တရားပြိုင်အနေဖြင့် အရှုံးကိုတစ်ဝက်စီကျခံပြီး ကြိုးစားလုပ်ကိုင်နေပါလျက် တရားလိုမှ နို့တစ်ပေးပြီး လုပ်ငန်းရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ၁၀ လပိုင်းထိ လစဉ်စာရင်းရှင်းလင်းပြီးဖြစ်ကြောင်း၊ တရားလိုတွင် နစ်နာမှုမရှိကြောင်း၊ စာရင်းကိုင်တွယ်သူမှာ တရားလိုဖြစ်ခြင်းကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းရန် အကြောင်းပေါ်ပေါက်မှုမရှိကြောင်း၊ တရားမကြီးမှုအမှတ် ၉၁/၂၀၁၃ ကို ပုသိမ်ခရိုင်တရားရုံးတွင် တရားမစွဲမှီ (၉-၁၁-၂၀၁၃) နေ့မှာပင် လုပ်ငန်းရပ်စဲပြီးဖြစ်သောကြောင့် ထပ်မံဆောင်ရွက်ရန်ကိစ္စများမရှိတော့ကြောင်း နစ်နာကြေးတောင်းဆိုပိုင်ခွင့်မရှိကြောင်း၊ စသည်တို့ကြောင့် အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ပေးပါရန် ချေပထားသည်။

ရုံးတော်မှ ကောက်ချက်(၁၁)ချက်ထုတ်ခဲ့သည်။

(၁) (၁-၆-၂၀၁၁) ရက်စွဲပါနှစ်ဦးသဘောတူ အကျိုးလုပ်ငန်း ဆောင်ရွက်ခြင်းကတိစာချုပ်သည် တံဆိပ်ခေါင်းလုံလောက်စွာထမ်းဆောင် ထားခြင်းမရှိသဖြင့် ဥပဒေနှင့်မညီညွတ်သော စာချုပ်ဆိုသည်မှာ မှန်ပါသလား။

(၂) (၁-၆-၂၀၁၂) ရက်စွဲပါ နှစ်ဦးသဘောတူအကျိုးတူလုပ်ငန်း ဆောင်ရွက်ခြင်းကတိစာချုပ်သည် မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အတည်မပြုနိုင်သော စာချုပ်ဖြစ်ကြောင်း မူလကပင် ပျက်ပျယ်နေသော စာချုပ်ဖြစ်သည်ဆိုခြင်းမှာ မှန်သလား။

(၃) တရားလိုနှင့် တရားပြိုင်တို့သည် (၁-၆-၂၀၁၁) ရက်နေ့တွင် စည်းကမ်း (၃) ချက်ထားပြီး ကတိစာချုပ် ချုပ်ဆို၍ အလှပြင်ဆိုင်လုပ်ငန်းအား နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ဆောင်ခဲ့ကြသည်မှာ မှန်သလား။

(၄) တရားပြိုင်တို့သည် စာချုပ်စည်းကမ်းချက်များအား လေးစားလိုက်နာခြင်းမရှိဘဲ (၁-၈-၂၀၁၂) နေ့မှစ၍ မီဖူးအလှပြင်ဆိုင်နှင့် တစ်လမ်းတည်းအိမ်အမှတ်-(၃၃)/(ခ)တွင် ဒီဒီးအလှပြင်ဆိုင်ဖွင့်လှစ် လုပ်ကိုင်ခဲ့သဖြင့် မူလအကျိုးတူလုပ်ကိုင်သော အလှပြင်ဆိုင်လုပ်ငန်း အကျိုးအမြတ်မရှိဘဲ အရှုံးပေါ်၍ လုပ်ငန်းရပ်ဆိုင်းသည့်အနေအထားသို့ ရောက်ခဲ့သည်မှာ မှန်သလား။

(၅) တရားပြိုင်များ၏ပြုလုပ်မှုကြောင့် တရားလိုတွင် နစ်နာကြေးငွေ (၃၉၃၄၀၀၀၀)ကျပ်နှင့် လုပ်ငန်းရပ်ဆိုင်းရသဖြင့် နောက်ထပ်နစ်နာကြေးငွေ(၂၂၆၅၀၀)ကျပ် စုစုပေါင်း(၃၉၅၆၆၅၀၀)ကျပ် နစ်နာခဲ့သည်မှာ မှန်သလား။

(၆) ထို့သို့နစ်နာမှုရှိလာသဖြင့် အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပြီး တရားလိုသို့ တရားပြိုင်တို့မှ နစ်နာကြေး(၃၉၅၆၆၅၀၀)ကျပ် ပေးလျော်ရန် တာဝန်ရှိသည်မှာ မှန်သလား။

(၇) စစ်ငွေ၊ ထွက်ငွေစာရင်းများနှင့် ငွေကို တရားလို မန်နေဂျာမှ တဆင့်

တရားလိုမှ ထိန်းသိမ်းထားသဖြင့် စာရင်းရှင်းလင်းပေးစေလိုမှုကို တရားလိုအနေဖြင့် စွဲဆိုခွင့်မရှိသောကြောင့် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်သလား။

(၈) ၂၀၁၃ ခုနှစ်၊ (၁၀)လပိုင်းတွင် စာရင်းရှင်းလင်းပြီးဖြစ်သည်မှာ မှန်သလား။

(၉) စာရင်းရှင်းလင်း ပေးရမည့်သူမှာ တရားလိုဖြစ်၍ စွဲဆိုသော အမှုပုံစံမမှန်ဆိုသည်မှာ မှန်သလား။

(၁၀) တရားစွဲဆိုရန်အကြောင်းမပါသည့် အဆိုလွှာဖြစ်၍ ပလပ်သင့်သည်မှာ မှန်သလား။

(၁၁) တရားလိုအနေဖြင့် မည်သည့် သက်သာခွင့်ရထိုက်သနည်း တို့ဖြစ်သည်။

ကောက်ချက်(၁)နှင့် (၂)(၉) တို့အား ပဏာမငြင်းချက်အဖြစ် ဦးစွာကြားနာပြီးနောက် မမှန်ကြောင်းဖြေဆိုခဲ့သည်။

ကောက်ချက်(၃)နှင့်ပတ်သက်၍မူ တရားလိုမှတင်ပြသည့် သက်သေခံ(ခ) (၁-၆-၂၀၁၁) ရက်စွဲပါနှစ်ဦးသဘောတူအကျိုးတူလုပ်ငန်းဆောင်ရွက်ခြင်း ကတိစာချုပ်နှင့် တရားလိုနှင့် (၁/၂)တရားပြိုင်တို့ လက်မှတ်ရေးထိုးထားကြပြီး စာချုပ်အပိုဒ်(၁)တွင် အနည်းဆုံး (၃)နှစ်လုပ်ကိုင်သွားရန် အပိုဒ်(၂)တွင် ဆိုင်ခန်းငှားခ ဝန်ထမ်းလစာစရိတ်ဆေးဖိုးအခြားကုန်ကျစရိတ်များအား ဝင်ငွေအကျိုးအမြတ်ထံမှ နှုတ်ပယ်ရန်စာချုပ်အပိုဒ် (၃) (၃)နှစ်ပြီးဆုံးပါက စာရင်းရှင်းလင်းပြီး ဆက်လက်လုပ်ကိုင်လိုပါက စာချုပ်အသစ်ထပ်မံချုပ်ဆို၍ စသည်ဖြင့် ပါရှိပြီး ကောက်ချက်(၃)ဖြစ်သော တရားလိုနှင့် တရားပြိုင်တို့သည် (၁-၆-၂၀၁၇) ရက်နေ့တွင် စည်းကမ်း (၃)ချက်ထားပြီး ကတိစာချုပ် ချုပ်ဆို၍ အလှပြင်ဆင်လုပ်ငန်းအား နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ဆောင်ခဲ့ကြသည်ဆိုသည်မှာ မှန်သလား ကောက်ချက်အားမှန်ကြောင်း ဖြေဆိုလိုက်သည်။

ကောက်ချက်(၄)နှင့်ပတ်သက်၍မူ ၁-၈-၂၀၁၂ ရက်နေ့မှစ၍ တရားလို၊ တရားပြိုင်တို့ စပ်တူလုပ်ကိုင်သည့် မီဗူးအလှပြင်ဆိုင်အနားတွင် ဒီဒီးအလှပြင်ဆိုင်လာရောက်ဖွင့်လှစ်ခြင်းမှာ အငြင်းမပွားသော အချက်ဖြစ်ပေသည်။ ထိုဆိုင်မှာ တရားပြိုင်တို့မှ ဖွင့်လှစ်သောဆိုင်ဖြစ်ကြောင်း တရားလိုက အဆိုပြုထွက်ဆိုထားပြီး တရားပြိုင်မှလည်း ၎င်း၏မယားညီအကိုဖြစ်သူ ဦးပြည့်ဖြိုးဇော်၏ဆိုင်ဖြစ်ကြောင်း သက်သေခံ(၂)လုပ်ငန်းလိုင်စင်တင်ပြကာ ငြင်းဆိုထားပေသည်။

(၁)တရားပြိုင်ဦးစိုးမင်းဦး၏ ထွက်ချက်တွင် စပ်တူလုပ်ကိုင်သော မီဗူးဆိုင်သို့လာစဉ် ဖောက်သည်များအား မီးစက်ပျက်သဖြင့် ဒီဒီးဆိုင်ကို ခေါ်သွားကြောင်း၊ ဆီဖိုးသာပေးရကြောင်း အလှပြင်ခငွေအား မီဗူးဆိုင်သို့ပင်ပေးကြောင်း စသည့်တရားပြိုင်တို့၏ထွက်ဆိုချက်မှာ မီဗူးဆိုင်၏ဖောက်သည်များအား ဒီဒီးဆိုင်သို့ခေါ်သွားနေကြောင်း ထင်ရှားပေသည်။ အလှပြင်ဆိုင်လုပ်ငန်း၏သဘောသဘာဝမှာ မိမိဆိုင်သို့လာသော ဖောက်သည်များအား အကောင်းဆုံးဝန်ဆောင်မှုပေးရန် ဆွဲဆောင်ရမည်ဖြစ်ပါလျှက် အခြားဆိုင်သို့ခေါ်သွားခြင်းမှာ တမင်ပြုလုပ်နေကြောင်း ထင်ရှားပေါ်ပေါက်ပေသည်။ အစုစပ်လုပ်ငန်းအတွက် တရားလိုဦးအောင်ဌေး၏ ကုန်ကျစရိတ်မှာ ငွေသိန်း(၁၂၀)ဖြစ်ပေသည်။ သို့ဖြစ်၍ မီးပျက်သည့်ကိစ္စမှာ ဖောက်သည်များအခြားဆိုင်သို့ရောက်သွားနိုင်ခဲ့ကြောင်းကို တရားပြိုင်သည် တရားလိုအား အသေအချာ ပြောဆိုခဲ့ခြင်းမျိုးမရှိခဲ့ပေ။ အစုဝင်တစ်ဦးပီပီ မိမိတို့ အစုစပ်လုပ်ငန်းအတွက် ဆုံးရှုံးမှုမရှိအောင်ကိုယ်ရေးကြို

လာပါက ဆောင်ရွက်ရမည့်အတိုင်း လုပ်ဆောင်ရန် ဥပဒေအရ တာဝန်ရှိသော်လည်း ပျက်ကွက်ခဲ့ကြောင်း ထင်ရှားနေပေသည်။ ထို့ပြင် ဒီဒီးဆိုင်သို့ ဖောက်သည်များအား ခေါ်သွားရာတွင် ဓါတ်ဆီသာပေးရကြောင်းမှာ မှန်ခဲ့ပါလျှင် တရားပြိုင်ဖွင့်လှစ်လုပ်ဆောင်သည့်ဆိုင်ဖြစ်၍သာ ဓါတ်ဆီဖိုးသာပေးရခြင်းမျိုးဖြစ်ပေသည်။ အခြားသူတစ်ဦးပိုင်ဆိုင်သော ဆိုင်ဖြစ်ပါမူ ဓါတ်ဆီဖိုးသာယူပြီး အလုပြင်ခငွေမယူဘဲ နေမည်မဟုတ်ပေ။

တရားပြိုင်သည် လုပ်ငန်းအရှုံးပေါ်ရခြင်းမှာ မီးစက်မပေးခြင်း၊ ခေါင်းလျှော်စင်ပြင်မပေးခြင်း၊ ရေမော်တာပြင်မပေးခြင်းစသည့်ကိစ္စများကြောင့် ဖြစ်သည်ဟူ၍ ထွက်ဆိုသည်။ အစုဝင်တရားလိုဦးအောင်ဌေးနှင့် တရားပြိုင်သည် သေချာစွာညှိနှိုင်းတိုင်ပင်ကာ မိမိတို့ဆိုင်နားတွင် အခြားဆိုင်များလာရောက်ဖွင့်လှစ်နေသဖြင့် မိမိဆိုင်အား ယခင်ကထက်မည်ကဲ့သို့ကောင်းအောင်ပြုလုပ်မည် မည်ကဲ့သို့ ဖောက်သည်များအား ဆွဲဆောင်မည်စသည်ဖြင့် လုပ်ဆောင်ခြင်းမျိုးမရှိဘဲ မိမိဆိုင်ကိုလာသော ဖောက်သည်များကို ဒီဒီးဆိုင်သို့ ခေါ်သွားခဲ့ကြောင်းမှာ အစုဝင်တစ်ဦး၏ တာဝန်ကိုကျေပြွန်စွာဆောင်ရွက်ခဲ့ခြင်းမျိုးမရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။ အစုဝင်တို့၏ တာဝန်မှာလည်း တရားလိုဦးအောင်ဌေးမှာ ငွေစိုက်ထုတ်သူသာဖြစ်ပြီး အလှပြင်ဆင်လုပ်ငန်းကိစ္စအဝဝအား လုပ်အားစိုက်သူမှာ တရားပြိုင်ဖြစ်သဖြင့် လုပ်ငန်းအား ပိုမိုကောင်းမွန်အောင် သေချာစွာ တရားလိုအားရိုးသားဖြောင့်မတ်တည်ကြည်စွာဖြင့် အကြံဉာဏ်များပေးကာ လုပ်ဆောင်ရန်တာဝန်မှာ တရားပြိုင်အပေါ်တွင် ကျရောက်နေပေသည်။

ထို့ပြင် တရားလိုအနေဖြင့် လုပ်ငန်းဆက်တိုက်အရှုံးပေါ်နေသောကြောင့် ၂၀၁၃ ခုနှစ်၊ ၁၁ လပိုင်းတွင် စာရင်းရှင်းလင်းကြပြီးနောက် တရားပြိုင်တို့သည် ဒီဒီးအလှပြင်ဆိုင်သို့ ပြောင်းရွှေ့သွားကြကြောင်းမှာ တရားပြိုင်ကိုယ်တိုင်ပင် ထွက်ဆိုထားပေသည်။

အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၉ တွင် အစုဝင်များသည် အစုစပ်လုပ်ငန်း၏ အကျိုးအများဆုံးဖြစ်ထွန်းနိုင်စေရန်ဆောင်ရွက်၍ တစ်ဦးနှင့်တစ်ဦး ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည့်အပြင် မှန်ကန်သောစာရင်းများနှင့် အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်းသော သတင်းအကြောင်းအရ အတွေ့အကြုံတို့ကို အစုဝင်များကိုသော်လည်းကောင်း၊ ယင်းတို့၏ တရားဝင်ကိုယ်စားလှယ်များကိုသော်လည်းကောင်း အသိပေးရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပေသည်။

ထို့ပြင် ပုဒ်မ-၁၃(ခ)သည် “ အစုဝင်တစ်ဦး၏အစုစပ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အဆိုပါအစုစပ်သည် တမင်ပေါ့လျော့ခြင်းကြောင့် ဖြစ်ပေါ်စေသည့် အစုစပ်လုပ်ငန်း၏ ဆုံးရှုံးနစ်နာခြင်းအတွက် အစုစပ်လုပ်ငန်းကို လျော်ကြေးပေးရမည်” ဟု ပြဋ္ဌာန်းထားပေသည်။

ထို့ပြင် ပုဒ်မ - ၂၁ တွင်လည်း “ အစုဝင်တစ်ဦးသည် အရေးပေါ်ကိစ္စဖြစ်ပေါ်လာသည့်အခါ အစုစပ်လုပ်ငန်းဆုံးရှုံးပြီး နစ်နာခြင်းမှ ကာကွယ်ရန်အတွက်သာမန်အသိဉာဏ်ရှိသူတစ်ဦးက ကိုယ်ရေးကြုံသည့်အခါအလားတူ အခြေအနေမျိုးကို ပြုလုပ်မည့်အကြောင်း ပြုလုပ်ရန် အာဏာရှိသည့်အပြင် အဆိုပါပြုလုပ်မှုများသည် အစုစပ်လုပ်ငန်းအတွက်ဖြစ်ကြောင်း” ပြထားပေသည်။

သို့ဖြစ်၍ ခြုံငုံသုံးသပ်ကြည့်ရာတွင် တရားလိုတို့၏ စပ်တူလုပ်ကိုင်ခဲ့သည့် မီဇူးအလှပြင်ဆိုင်နားတွင် ဒီဒီးအလှပြင်ဆိုင်ဖွင့်လှစ်လာပြီး မီဇူးဆိုင်ရှိဖောက်သည်များအား ဒီဒီးဆိုင်သို့အကြောင်းအမျိုးမျိုးပြကာ ခေါ်ဆောင်သွားကာ တရားပြိုင်တို့မှ အလှပြင်လုပ်ငန်းလုပ်ကိုင်ကြရာတွင် ပထမနှစ်ပြီးဆုံးပြီးနောက်ပိုင်းတွင်ရိုးသားမှုမရှိဘဲ တမင်ပြုလုပ်ခြင်းမျိုးသာဖြစ်ပေသည်။

ထို့ကြောင့် မီဖူးဆိုင်ရှိ တရားလို/တရားပြိုင်တို့၏ စာရင်းရှင်းလင်းပြီးကြောင်းကို သက်သေခံ (ဃ-၁၂၆) နှင့် သက်သေခံစာမှတ်(၁ မှ ၁-င)ဖြစ်သော လစဉ်ဇယားများအရ တဖြည်းဖြည်း အမြတ်နည်းပါးကာ နောက်ပိုင်းတွင် (၇)လဆက်တိုက်အရှုံးများပေါ်ပေါက်ခဲ့ကြောင်း ထင်ရှားနေပေသည်။

ထို့ကြောင့် ကောက်ချက်(၄)နှင့်ပတ်သက်ပြီး တရားပြိုင်တို့သည် စာချုပ်ပါစည်းကမ်းများအား လေးစားလိုက်နာခြင်းမရှိဘဲ (၁-၈-၂၀၁၂)ရက်နေ့မှစ၍ မီဖူးအလှပြင်ဆိုင်နှင့် တစ်လမ်းတည်းအိမ်အမှတ်-၃၃/ခ တွင် ဒီဒီးအလှပြင်ဆိုင်ဖွင့်လှစ်လုပ်ကိုင်ခဲ့သဖြင့် မူလအကျိုးတူလုပ်ကိုင်သော အလှပြင်လုပ်ငန်းအား အကျိုးအမြတ်မရှိဘဲ အရှုံးပေါ်၍လုပ်ငန်းရပ်ဆိုင်းသော အနေအထားသို့ ရောက်ခဲ့သည်မှာ မှန်သလားကောက်ချက်အား မှန်ကြောင်းဖြေဆိုလိုက်သည်။

ကောက်ချက်(၅)နှင့်ပတ်သက်၍မူ တရားလိုဦးအောင်ဌေးမှ တင်ပြသော သက်သေခံ(ဂ)နောက်ဆက်တွဲဇယား(၁)တွင် တရားလိုဝယ်ယူစိုက်ထုတ်သော ကုန်ကျငွေမှာ သိန်း(၁၂၀)ဖြစ်ကြောင်း၊ သက်သေခံဘောက်ချာစာအုပ်များတင်ပြကာ တရားလိုမှ ထွက်ဆိုထားသည့်အပြင် (၁)တရားပြိုင်၏ထွက်ချက်ကိုလည်း " လုပ်ငန်းအတွက် ဦးအောင်ဌေးကုန်ကျငွေမှာ ကျပ်သိန်း(၁၂၀)ဖြစ်ကြောင်း" ထွက်ဆိုထားခြင်း ကုန်ကျငွေသည် သိန်း(၁၂၀)ဖြစ်ကြောင်း ထင်ရှားပေသည်။

တရားလိုသည် တရားပြိုင်နှင့် (၁-၆-၂၀၁၁) ရက်နေ့တွင် စာချုပ် ချုပ်ကာ လုပ်ကိုင်ခဲ့ကြပြီး (၆)လပိုင်း ၂၀၁၁ ခုနှစ်မှ ၅ လပိုင်း ၂၀၁၂ ခုနှစ်အထိ အမြတ်ငွေမှာ သက်သေခံ (ဃ)တွင် (၁၅၂၃၈၇၀၃)ကျပ်ရရှိကာ (၁)တရားပြိုင်မှ တင်သွင်းလာသောသက်သေခံ(၁)နှင့် (၁-က)တို့တွင်ပါရှိသော ငွေနှင့်တူညီသဖြင့် ထိုပထမ(၁၂)လ(တစ်နှစ်)အကျိုးအမြတ်မှာ (၁၅၂) သိန်းခန့်ရရှိကြောင်းပေါ်ပေါက်နေပေသည်။

ဒုတိယ(၁၂)လဖြစ်သော (၆)လပိုင်း ၂၀၁၂ ခုနှစ်မှ (၅)လပိုင်း ၂၀၁၃ ခုနှစ် အမြတ်ငွေမှာ (၆၁၃၈၃၂၀)ကျပ်သာဖြစ်ကာ (၄)လပိုင်း ၂၀၁၃ ခုနှစ်နှင့် ၅ လပိုင်း ၂၀၁၃ ခုနှစ်တွင် အရှုံးပေါ်ခဲ့သည်။ တရားလိုမှတင်ပြသော သက်သေခံ(ဃ-၁၂၆)နှင့် (၂)တရားပြိုင်မှ တင်ပြသော သက်သေခံ(၁-ခ)နှင့် (၁-ဂ)တို့တွင်ပါရှိသောငွေများမှာ တူညီမှုရှိသဖြင့် ယခင်ပထမနှစ်၏ အမြတ်ငွေ(၁၅၂)သိန်းနှစ်စာလျှင် (၉၁၀၀၀၀၀)ကျပ်ခန့်ကွာခြားကြောင်းတွေ့ရှိရသည်။

(၆)လပိုင်း ၂၀၁၃ ခုနှစ်မှ (၅)လပိုင်း ၂၀၁၄ ခုနှစ်ထိ တတိယ ၁၂ လ တွင် ပထမနှစ်၏ အမြတ်ငွေ ၁၅၂ သိန်းရရှိသည့်အပြင် (၆/၇/၈/၉/၁၀) လ စုစုပေါင်း(၅)လတွင် (၇၁၆၀၅၀)ကျပ်အရှုံးပေါ်သဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပေသည်။

ထို့ကြောင့် ခြုံငုံသုံးသပ်ကြည့်ပါက တရားလို၏စိုက်ထုတ်ကုန်ကျငွေ သိန်း(၁၂၀) ဒုတိယနှစ်အတွက် ရရန်ရှိသောအမြတ်ငွေ(၉၀)သိန်း၊ တတိယနှစ်အတွက် (၁၅၂)သိန်းနှင့် ၂၀၁၃ ခုနှစ်အတွက် ဆိုင်ခန်း(၈)လစာ (၃၀၄၀၀၀၀)ကျပ် စုစုပေါင်း(၃၉၃၄၀၀၀၀)ကျပ်နစ်နာခဲ့ပေသည်။ လုပ်ငန်းရပ်ဆိုင်းလိုက်ရသဖြင့် တရားလို၏နောက်ထပ် ကုန်ကျငွေသက်သေခံ(ဂ-၁)ပါ (၂၂၆၅၀၀)ကျပ်ဖြစ်သောကြောင့် စုစုပေါင်း(၃၉၅၆၆၅၀၀)ကျပ်နစ်နာခဲ့ပေသည်။

သို့ဖြစ်၍ ကောက်ချက်(၅)နှင့်ပတ်သက်ပြီး တရားပြိုင်များ၏ပြုလုပ်မှုကြောင့် တရားလိုတွင် နစ်နာသည့်ငွေ(၃၉၃၄၀၀၀၀)ကျပ်နှင့် လုပ်ငန်းရပ်ဆိုင်းထားရသဖြင့် နောက်ထပ်နစ်နာကြေးငွေ(၂၂၆၅၀၀)ကျပ် စုစုပေါင်း(၃၉၅၆၆၅၀၀)ကျပ် နစ်နာခဲ့သည်မှာ မှန်သလား

ကောက်ချက်အားမှန်ကြောင်း ဖြေဆိုလိုက်သည်။

ကောက်ချက်(၆)နှင့်ပတ်သက်၍ တရားလိုနှင့် တရားပြိုင်တို့သည် (၆)လပိုင်း (၂၀၁၁)ခုနှစ်မှ (၅)လပိုင်း ၂၀၁၄ ခုနှစ်ထိ အနည်းဆုံး(၃)နှစ်လုပ်ကိုင်ရန် ကတိပြုထားခဲ့သော်လည်း ၁ နှင့် ၂ တရားပြိုင်တို့မှ အစုစပ်လုပ်ငန်းတွင် အစုဝင်တစ်ဦးထားရှိရမည့်တာဝန်ဝတ္တရားများအား ရိုးသားဖြောင့်မတ်ခြင်းမရှိဘဲ တမင်ပေါ့လျော့ပျက်ကွက်စွာ ဆောင်ရွက်ခဲ့ကြသောကြောင့် လုပ်ငန်းတွင်အရှုံးများနေသဖြင့် တရားလိုသည် နစ်နာမှုများစွာရှိလာပေသည်။ ထို့ကြောင့် တရားလိုသည် သက်သေခံ(ခ) ၃-၁-၁၃ ရက်စွဲဖြင့် ၁/၂ တရားပြိုင် တို့ထံသို့ အစုစပ်လုပ်ငန်းစည်းကမ်းများကို မလိုက်နာသဖြင့် ပေးလျော်မှုများပြုလုပ်ရန် နို့တစ်စာပို့ခဲ့ပြီး ၁/၂ တရားပြိုင်မှလည်း သက်သေခံ(၃)(၁-၁၁-၂၀၁၃) ရက်စွဲဖြင့် လူကြီးမင်းနှင့်ဆက်လက်လုပ်ကိုင်ရန်မဖြစ်နိုင်သောကြောင့် လုပ်ငန်းရပ်ဆဲပြီး ရှင်းလင်းရန်ဟူ၍ အကြောင်းပြန်ကြားထားသဖြင့် အစုစပ်လုပ်ငန်းအား နှစ်ဘက်စလုံးမှ ဖျက်သိမ်းခဲ့ကြခြင်းမျိုးဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

ထို့ပြင် (၁)တရားပြိုင်၏ထွက်ချက်တွင် ၄-၆-၂၀၁၁ ရက်စွဲပါစာရင်း(၅)စောင်အား စာရင်းရှင်းလင်းစဉ် တရားလိုထံမှ ကူးယူခဲ့သော စာရင်းဖြစ်ကြောင်း ၂၀၁၃ ခုနှစ်၊ ၁၀ လပိုင်းထိဖြစ်ကြောင်း၊ ဦးအောင်ဌေး၏ဇနီးမှ စာရင်းရှင်းတမ်းစာရွက်အား ကျွန်တော်ကိုပေးကြောင်း သက်သေခံ(၁)မှ (၁-င)ထိတင်ပြကြောင်း ထွက်ဆိုထားကြသဖြင့် တရားလို/တရားပြိုင်တို့ နှစ်ဦးနှစ်ဖက်အစုဝင်များ စာရင်းရှင်းလင်းပြီးကြကြောင်းမှာလည်း ထင်ရှားနေပေသည်။ ၁/၂ တရားပြိုင်များအနေဖြင့် အစုဝင်တိုင်းထားရှိရမည်ဖြစ်သော အကျိုးများဆုံးဖြစ်ထွန်းရန်တစ်ဦးနှင့်တစ်ဦး ဖြောင့်မတ်စွာလုပ်ငန်းနှင့်ပတ်သက်သော သတင်းအကြောင်းအရာများကို တစ်ဦးနှင့်တစ်ဦး ပြည့်စုံစွာအသိပေးရန်လည်း အထူးလိုအပ်ပေသည်။ ယခုအမှုတွင် (၁)တရားပြိုင်သည် ၎င်း၏ဆိုင်အနီးတွင် (၁)တရားပြိုင်၏အစ်မ၏ခင်ပွန်းဦးပြည့်ဖြိုးဇော်၏ အလှပြင်ဆိုင်ဖြစ်သော ဒီဒီးအလှပြင်ဆိုင်သို့ မိမိစပ်တူလုပ်ကိုင်နေသော မီဗူးဆိုင်ကိုလာသော ဖောက်သည်များအား မီးပျက်ခြင်းကိုအကြောင်းပြပြီး ခေါ်ဆောင်ခြင်း၊ လုပ်ငန်းများအရှုံးပေါ်နေသဖြင့် ရပ်ဆိုင်းပြီးပြီးချင်းပင် ၁/၂ တရားပြိုင်တို့ ဒီဒီးအလှပြင်ဆိုင်တို့ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်းမှာ စပ်တူလုပ်ကိုင်ကြသည့်လုပ်ငန်းအား ဖြောင့်မတ်တည်ကြည်မှုမရှိဘဲ တမင်ပေါ့လျော့စွာလုပ်ကိုင်သဖြင့် လုပ်ငန်းတွင်နစ်နာမှုများဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းမှာ ထင်ရှားနေပေသည်။

အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၂၁ အရလည်း လုပ်အားစိုက်ထုတ်သူတရားပြိုင်ဦးစိုးမင်းဦးသည် ဆိုင်တွင်မီးစက်မရှိသဖြင့် ဖောက်သည်များမလာဘဲ ပြန်ထွက်သွားမည်ဆိုပါက ထိုသို့မဖြစ်ပေါ်စေရန်အတွက် အစုဝင်တစ်ဦးဖြစ်သူ ငွေစိုက်ထုတ်သူတရားလိုဦးအောင်ဌေးနှင့် သေချာစွာညှိနှိုင်းတိုင်ပင်ပြီး မိမိတို့လုပ်ငန်းအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်သာရှိပေသည်။ ထိုသို့အစုဝင် တရားလိုဦးအောင်ဌေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းမရှိဘဲ မိမိဆိုင်ရှိဖောက်သည်များအား ၁/၂ တရားပြိုင်များ၏ အစ်မဆိုင်သို့ခေါ်သွားကာ အလှပြင်လုပ်ငန်းလုပ်ခြင်းသည် အစုဝင်တစ်ဦး၏တာဝန်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် တရားလိုအား နစ်နာကြေး၊ လျော်ကြေးပေးရန် တာဝန်ရှိပေသည်။

ထို့ကြောင့် ကောက်ချက်(၆)နှင့်ပတ်သက်ပြီး ထိုသို့နစ်နာမှုရှိသဖြင့် အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပြီး တရားလိုသို့ တရားပြိုင်တို့မှ နစ်နာကြေးငွေ(၃၉၅၆၆၅၀၀)

ကျပ်ပေးလျော်ရန်တာဝန်ရှိသည်မှာ မှန်သလား ကောက်ချက်အား မှန်ကြောင်းဖြေဆိုလိုက်သည်။

ကောက်ချက်(၇)နှင့်ပတ်သက်၍မူ ဝင်ငွေထွက်ငွေစာရင်းများနှင့် ငွေကို တရားလို မန်နေဂျာမှတစ်ဆင့် တရားလိုမှထိန်းသိမ်းထားကြောင်းအား နှစ်ဖက်အငြင်းမပွားပေ၊ (၁)တရားပြိုင်မှတင်ပြသော (၄-၆-၁၁)မှ (၁၀)လပိုင်း ၂၀၁၃ ခုနှစ်ထိ သက်သေခံ(၁)မှ (၁- င)ထိ လစဉ်စာရင်းရှင်းတမ်းသည် တရားလိုထံမှ ကျွန်တော်ကူးယူခဲ့သောမှတ်တမ်းများဖြစ်ကြောင်း ထွက်ဆိုထားသဖြင့် လစဉ်စာရင်းရှင်းလင်းကြသည့်မှတ်တမ်းမှတ်ရာများမှာ တရားလိုနှင့် တရားပြိုင်တို့နှစ်ဦးနှစ်ဘက်စလုံးပင်လျှင် ရှိနေကြပေသည်။ သက်သေခံ(၁)မှ (၁-င)ထိလည်း အငြင်းပွားမှုမရှိသောကြောင့် စာရင်းရှင်းလင်းပေးစေလိုမှုသည် တရားလို(စွဲဆိုသူ)ကိုယ်တိုင် စာရင်းမထိန်းသိမ်းဘဲ မန်နေဂျာမှတဆင့် ထိန်းသိမ်းသောကြောင့် တရားစွဲဆိုခွင့်မရှိဟု မဆိုနိုင်ပေ။ ထို့ကြောင့် (၇)နှင့်ပတ်သက်ပြီး ဝင်ငွေထွက်ငွေစာရင်းများနှင့် ငွေကိုတရားလိုမန်နေဂျာမှ တဆင့် တရားလိုမှ ထိန်းသိမ်းထားသဖြင့် စာရင်းရှင်းလင်းပေးစေလိုမှုကို တရားလိုအနေဖြင့် စွဲဆိုခွင့်မရှိသောကြောင့် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကြောင်း ဖြေဆို လိုက်သည်။

ကောက်ချက်(၈)နှင့်ပတ်သက်၍မူ (၁)တရားပြိုင်ဦးစိုးမင်းဦး တင်သွင်းသော သက်သေခံ(၁)မှ (၁-င)ထိတင်ပြသော သက်သေခံစာရွက်စာတမ်းများနှင့် တရားလိုဦးအောင်ဌေး မှတင်ပြသော သက်သေခံ(ဃ-၁၂၆)တို့တွင် ၂၀၁၃ ခုနှစ်(၁၀)လပိုင်းထိ စာရင်းရှင်းလင်းပြီး ကြောင်းမှာ အငြင်းလည်းမပွားကြပေ။ ထို့ကြောင့် ကောက်ချက်(၈)ဖြစ်သော ၂၀၁၃ ခုနှစ် (၁၀)လ ပိုင်းသည် စာရင်းရှင်းလင်းပြီးဖြစ်သည်မှာ မှန်ကြောင်းဖြေဆိုလိုက်သည်။

ကောက်ချက်(၁၀)နှင့်ပတ်သက်၍မူ တရားလိုအနေဖြင့် ၎င်းသည် အစုစပ်လုပ်ငန်း ကို (၁-၆-၁၁)ရက်နေ့တွင် စာချုပ် ချုပ်ဆိုကာလုပ်ကိုင်ခဲ့ပြီး (၃)နှစ်စာချုပ်ဖြစ်ကြောင်း တရားပြိုင် တို့မှလုပ်ငန်းကို လေးစားလိုက်နာခြင်းမရှိဘဲ တစ်လမ်းတည်းအိမ်အမှတ်-၃၃(ခ)တွင် ဒီဒီးအလှ ပြင်ဆိုင်ဖွင့်လှစ်လုပ်ကိုင်သဖြင့် လုပ်ငန်းအရှုံးပေါ်ရကြောင်း၊ စာရင်းရှင်းလင်းကြပြီးဖြစ်သဖြင့် နစ်နာကြေးရလိုကြောင်း စသည်တို့မှာ တရားစွဲဆိုရန်အကြောင်းများဖြစ်သဖြင့် ကောက်ချက်(၁၀) ဖြစ်သော တရားစွဲဆိုရန်အကြောင်းမပါသည့် အဆိုလွှာဖြစ်၍ ပလပ်သင့်သည်မှာ မှန်သလား ကောက်ချက်အား မမှန်ကြောင်းဖြေဆိုလိုက်သည်။

ကောက်ချက်(၁၁)နှင့်ပတ်သက်၍မူ အစုစပ်လုပ်ငန်းနှင့်ပတ်သက်ပြီး တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ ၁၅ တွင် အစုစပ်လုပ်ငန်းဖျက်သိမ်းလိုကြောင်း တရားမ ဒီကရီအရ အစုစပ်လုပ်ငန်းစာရင်းအင်းပြုစုရန်နှင့် မည်သည့်နေ့ရက်တွင် အစုစပ်လုပ်ငန်း ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရန်စသည်တို့ကို ရုံးတော်ကသင့်လျော်သလို ယင်းပဏာမဒီကရီ မှာ ဖော်ပြပေးရမည်ဟု ပြဋ္ဌာန်းထားပေသည်။

သို့သော်လည်း စာရင်းအင်းကောက်ယူရန်အတွက် ပဏာမဒီကရီချမှတ်ခြင်းမှာ ယေဘုယျဥပဒေသတစ်ခုဖြစ်ကြောင်း၊ ပြဿနာမှာ ခပ်ရှင်းရှင်းနှင့်လွယ်လွယ်ကူကူကိစ္စမျိုးဖြစ် နေလျှင် ရုံးတော်အနေဖြင့် အပြီးသတ်ဒီကရီကို ချမှတ်ပေးနိုင်ကြောင်းတို့ကို **“ ဗယ်ရီးယက်ပါးနှင့် ဗယ်လီယာယက်ပါး အမှု”** (၁) တွင်ထုံးဖွဲ့ထားသည်။

---

၁။ ၁၉၃၀ ခုနှစ် ၅၃၊ မဒရက်စ်၊ စာမျက်နှာ-၄၇၅

သို့ဖြစ်၍ ယခုအမှုမှာ သက်သေခံ(က)စာချုပ်အရ တရားလိုနှင့် တရားပြိုင်လင်မယားတို့သည် အစုဝင်များဖြစ်ကြကြောင်းများထင်ရှားပြီး နှစ်ဦးနှစ်ဖက်သဘောတူသော သက်သေခံ(ခ)နှင့် သက်သေခံ(၃)နို့တစ်စာပြန်ကြားစာများဖြင့် အစုစပ်လုပ်ငန်းအား ဖျက်သိမ်းခဲ့ကြပြီးဖြစ်ပေသည်။ စာရင်းအင်းအားရှင်းလင်းပြီးကြကြောင်းမှာလည်း တရားလိုဘက်မှ တင်ပြသော သက်သေခံ(ဃ-၁၂၆)နှင့် ၁/၂ တရားပြိုင်လင်မယားမှ တင်ပြသည့် သက်သေခံ(၁)မှ (၁-င)တို့အရ ပေါ်ပေါက်နေပြီး အငြင်းပွားမှုလည်းမရှိကြသဖြင့် တရားလိုနှင့် တရားပြိုင်တို့သည် အစုဝင်များဖြစ်ကြကာ အစုစပ်လုပ်ငန်းကို နှစ်ဦးသဘောတူလည်း ဖျက်သိမ်းပြီးဖြစ်ပေသည်။ ထို့ပြင် အစုစပ်လုပ်ငန်း၏ စာရင်းအင်းများကိုလည်း နှစ်ဦးနှစ်ဖက်ရှင်းလင်းခဲ့ကြပြီးဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

သို့ဖြစ်၍ ယခုအမှုတွင် တရားလိုနှင့် ၁/၂ တရားပြိုင်လင်မယားတို့သည် အစုဝင်များဖြစ်ကြပြီး အစုဝင်အမှတ်စဉ်(၁)(၂)တရားပြိုင်တို့သည် တမင်ပေါ့လျော့မှု၊ ရိုးသားမှုမရှိခြင်း၊ ဖြောင့်မတ်တည်ကြည်မှုမရှိခြင်းတို့ကြောင့် လုပ်ငန်းတွင်အရှုံးပေါ်ခဲ့ရခြင်းမျိုးဖြစ်သဖြင့် လုပ်ငန်းအရှုံးပေါ်ခဲ့ရသည့်အပေါ် တရားလိုဦးအောင်ဌေးရသင့်ရထိုက်သည့် နစ်နာကြေးလျော်ကြေးပေးရန် တာဝန်သာရှိနေပေသည်။ ထို့ကြောင့် ပဏာမဒီကရီချမှတ်ရန် မလိုအပ်သဖြင့် အပြီးသတ်ဒီကရီချမှတ်ရန်သာဖြစ်ပေသည်။

**အ မိန့်**

(၁)တရားပြိုင် ဦးစိုးမင်းဦးနှင့် ၂ တရားပြိုင်ဒေါ်အိသူထက်တို့သည် တရားလိုဦးအောင်ဌေးအား အစုစပ်လုပ်ငန်းဖျက်သိမ်းပြီး စာရင်းရှင်းလင်းပြီးနောက် ပေးလျော်ရန် တာဝန်ရှိနေသောငွေကျပ်(၃၉၅၆၆၅၀၀)ကျပ်အား (သုံးရာကိုးဆယ့်ငါးသိန်းခြောက်သောင်းခြောက်ထောင့်ငါးရာကျပ်)တိတိအား စရိတ်နှင့်တကွပေးဆပ်စေရန် အပြီးသတ်အနိုင်ဒီကရီချမှတ်လိုက်သည်။

( စန္ဒာအေး )
ဒုတိယခရိုင်တရားသူကြီး-၂